# မကျီးကွင်းကျေးရွာ၌ ကောင်းသောသိုးထိန်းသီလရှင်များ

# ဆက်ကပ်အမှုတော်ဆောင်သည့် နှစ်(၅၀)ပြည့်တမန်တော်လုပ်ငန်း

## နောက်ခံသမိုင်းအကျဉ်း

မကျီးကွင်းရွာသည် ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့နယ်တွင် တည်ရှိသည်။ ရန်ကုန်မြို့မှ (၇၃)မိုင်ခန့် ကွာဝေးပြီး ရန်ကုန်-ပြည် လမ်းမကြီး၏ အရှေ့ဘက် (၇)ဖာလုံတွင် တည်ရှိသည်။ အစဉ်အဆက် လက်ဆင့်ကမ်းပြောပြချက်များအရ (၁၈၈၅)ခုနှစ်၌ မြန်မာဘုရင် သီပေါမင်း ပါတော်မူပြီးနောက်ပိုင်း ခေတ်ပျက်လာသဖြင့် အလုပ်အကိုင်များ ရှားပါးလာပြီး စားဝတ်နေရေး ကြပ်တည်းလာသဖြင့် မြန်မာပြည်အလယ်ပိုင်းရှိ မန္တလေးဒေသမှ မြေဒူးကုလားများသည် ယခုမကျီးကွင်းကျေးရွာ တည်ရှိရာနေရာသို့ ထွက်ပြေးတိမ်းရှောင်ရင်း အခြေချ နေထိုင်ခဲ့ကြသည်။

နှစ်အနည်းငယ်အကြာတွင် အညာသားများဟုခေါ်ကြသော ချောင်းရိုး၊ ချမ်းသာရွာဘက်မှ ပေါ်တူဂီအနွယ်များ ဖြစ်ကြသော ဦးဆွာ၊ ဦးလှ အမည်ရှိသော မိသားစုနှစ်စုသည် ဆွေမျိုးတော်စပ်သော ဦးပေ၊ ဒေါ်ရွှေငြိမ်းတို့အကူအညီဖြင့် မကျီးကွင်းရွာသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုမိသားစုနှစ်စု ရောက်ရှိချိန်တွင် ကက်သလစ် ဘာသာတူအိမ်ခြေမှာ (၂၇)အိမ်မျှသာရှိသည်။ မြေဒူးကုလားများသည် သာမန်အလုပ်ဖြစ်သော လယ်စိုက်ခြင်း၊ စာရင်းငှါးလုပ်ခြင်း စသည်တို့ဖြင့်သာ လုပ်ကိုင်စားသောက်နေရာမှ ဦးဆွာ၊ ဦးလှ မိသားစုရောက်လာပြီးနောက်ပိုင်းတွင် ဝက်သတ်ခြင်း၊ နွားသတ်ခြင်းတို့ကို လုပ်ကိုင်ကြခြင်းကြောင့် မြေဒူးကုလားများမှာ အတူမနေထိုင်ကြတော့ဘဲ မိမိတို့၏ဥစ္စာပစ□ည်းများကို သယ်ယူကာ ရွာအပြင်ရှိ လယ်ကွင်းသို့ ပြောင်းရွှေ့နေထိုင်လာကြသည်။

ထိုမြေဒူးကုလားများသည် မိမိတို့၏ သူခိုး၊ ဓားပြရန် ကြောက်သဖြင့် ရွှေငွေ တန်ဖိုးကြီး ရတနာများနှင့် ငွေအိုးတို့ကို လယ်ကွင်းရှိ မြေကြီးထဲတွင် တူးကာ မြှုပ်နှံထားလေ့ရှိသည်။ နောက်ပိုင်းတွင် ဦးချစ်လွင်၏ဖခင်မှာ လယ်ထယ်ထိုးရင်း ထိုပစ□ည်းအချို့ကို ရရှိခဲ့ဖူးသည်။ ဦးဆွာ၊

ဦးလှသာတို့မှာ သားသတ်လုပ်ငန်းဖြင့် အဆင်ပြေကြသဖြင့် သူတို့၏ဆွေမျိုးများ ထပ်မံရောက်ရှိလာခဲ့ကြပြီး ထိုလုပ်ငန်း ဖြင့် အသက်မွေးကြသည်။

မကျီးကွင်းဟု အမည်တွင်ရခြင်းမှာ ရွာ၏အပြင် လယ်ကွင်းပတ်ပတ်လည် အရပ်လေးမျက်နှာ တို့၌ မန်ကျည်းပင်များ တစ်ပင်နှင့်တစ်ပင် လေးဖာလုံစီခြားပြီး ခပ်ဝိုင်းဝိုင်း ကွင်းထားသောပုံစံရှိသော ကြောင့် ဦးဆွာ၊ ဦးလှသာတို့က မကျီးကွင်းရွာဟုအမည်ခေါ်တွင်စေခဲ့သည်။ ယခုနောက်ပိုင်းတွင် မကျီးကွင်း ဟု လူသိများလာကြသည်။ အစပိုင်း၌ မကျီးကွင်းရွာတွင် ရေကန်စုပိုင်း၊ ကရင်ပိုင်းနှင့် ရေဖြန်းပိုင်းဟူ၍ အပိုင်းသုံးပိုင်းသာရှိခဲ့သော်လည်း ဒုတိယကမာ္ဘစစ်အတွင်းတွင် ရွာအနောက်ဘက်ရှိ အိမ်ခြေငါးလုံးသာ ရှိသော ဇီးကုန်းလေးရွာမှ လူများသည်လည်း မကျီးကွင်းရွာထဲသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသဖြင့် ၎င်းတို့နေထိုင်ရာအပိုင်းကို ဇီးကုန်းပိုင်းဟုခေါ် ပြီး ဂျပန်များ လာရောက်တည်းခို နေထိုင်ခဲ့သော အပိုင်းကို ဂျပန်ကုန်း ဟုခေါ်ဆိုခဲ့ကြသည်။ ယခုအခါ မကျီးကွင်းရွာတွင် ဗုဒ္ဓဘာသာ၊ နှစ်ခြင်းခရစ်ယာန်နှင့် ကက်သလစ်ခရစ်ယာန်များ အုပ်စုဖွဲ့နေထိုင်ကြသည်။ ကက်သလစ်ခရစ်ယာန် ဦးရေမှာ ရွာလူဦးရေ၏ ငါးပုံတစ်ပုံခန့်သာ ရှိသည်။

## ကက်သလစ်သာသနာရောက်ရှိခြင်း

မကျီးကွင်းကျေးရွာတွင် ကက်သလစ်ဘုရားရှိခိုးကျောင်းငယ်တစ်ခုကို (၁၉၀၀)ခုနှစ်ဝန်းကျင် (ခန့်မှန်း)ကပင် ဆောက်လုပ်ခဲ့ပြီး ရန်ကုန်ဂိုဏ်းချုပ်သာသနာလက်အောက်ရှိ ကရင်တိုင်းရင်းသား အများဆုံးရှိသော ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ သုံးဆယ်သာသနာအုပ်စုတွင် ပါဝင်ခဲ့သည်။ သုံးဆယ်သာသနာမှ ကျောင်းထိုင်ဘုန်းတော်ကြီးမှာ မကျီးကွင်းရွာသို့ ရံဖန်ရံခါလာရောက်လေ့ရှိပြီး ဘာသာသူများ၏ ဝိညာဉ်ရေးကို ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ The Voice လစဉ်ထုတ် ကက်သလစ်သတင်းစာစောင်၏ မှတ်တမ်းများအရ (၁၉၂၂)ခုနှစ် ဇန်နဝါရီလ (၂၈) ရက်နေ့တွင် အသစ်ဆောက်လုပ်ပြီးခါစ သစ်သား ဘုရားကျောင်းဆောင်ကို ရဟန်းမင်းကြီးကိုယ်စားလှယ် Dr. Pietro Pisani ကကောင်းကြီးပေးခဲ့သည်။ ဘုရားကျောင်းကို ယေဇူးရှေ့နှလုံးတော်ထံ အပ်နှံပူဇော်ခဲ့ကြောင်းသိရသည်။ (၁၉၃၄)ခုနှစ် ဇွန်လမှတ်တမ်းများအရ မကျီးကွင်းရွာတွင် ကက်သလစ်မိသားစု (၃၄)စုရှိပြီး ကလေး(၈၀)ဦးရှိကြောင်း သိရသည်။ ရွာအစပြုသည့် အချိန်မှစ၍ ဘာသာတရား ကိုင်းရှိုင်းသော ရွာသူရွာသားများမှ ဦးဆောင်ကာ

မယ်တော် တမန်တော်အသင်းနှင့် စိန်ဗင်းဆင်းဒီပေါလ်အသင်းများကို ဖွဲ့စည်းပြီး သာသနာလှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် ယုံကြည်ခြင်းမျိုးစေ့ကို ရှင်သန်စေခဲ့ကြသည်။ (၁၉၆၀)ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့တွင် ရွာလယ်၌ ဘုရားကျောင်းငယ် အသစ်တစ်ဆောင်ကို ဆောက်လုပ်ပြီး စတင်ဝတ်ပြုခဲ့ကြောင်းသိရသည်။

(၁၉၇၅)ခုနှစ် နောက်ပိုင်းတွင် ရွာသားများက မိမိတို့ရွာအတွက် သီးသန့်ဘုန်းတော်ကြီး ခန့်အပ်ထားပေးပါရန် ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ဂါဗြီအဲလ်သိုဟေးမန်းဂါဘီထံတွင် တောင်းလျှောက်ခဲ့ကြသည်။ (၁၉၇၃)ခုနှစ်မှစ၍ စိန်ဂျိုးဇက်ဘုရားကျောင်း၊ သုံးဆယ်သာသနာမှခွဲ၍ မကျီးကွင်းသာသနာအုပ်စုငယ်အဖြစ် တစ်ရွာတည်း သီးသန့်တည်ပေးကာ ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းရှိ စိန်ဂျွန်း ကက်သလစ်သာသနာ ကျောင်းထိုင်ဘုန်းတော်ကြီး ဂျိုးဇက်ဦးသောင်းရွှေအား မကျီးကွင်းကျေးရွာရှိသိုးစုကို တွဲဖက် တာဝန်ယူကြည့်ရှုရန် ခန့်အပ်ခဲ့သည်။ ဘုန်းတော်ကြီးသည်လည်း လစဉ် ရက်အနည်းငယ်ခန့် ရွာတွင် လာရောက်နေထိုင်ခြင်းဖြင့် ရွာသားများ၏ ဝိညာဉ်ရေးကို စောင့်ရှောက်ခဲ့သည်။ ရွာရှိလူနေမှုဘဝအခြေအနေမှန်ကို သိမြင်လာသည့်အခါ ရွာ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သီလရှင်အသင်းတစ်ခု လိုအပ်လျက်ရှိကြောင်းနှင့် ကောင်းသောသိုးထိန်းသီလရှင်များကို ဖိတ်ခေါ်ပေးပါရန် ဂိုဏ်းချုပ်ဆရာတော်ကြီးထံ အကြံပြု တင်ပြခဲ့သည်။ ဘုန်းတော်ကြီး ဂျိုးဇက်ဦးသောင်းရွှေသည် (၁၉၇၅)ခုနှစ်၊ နိုဝင်ဘာလတွင် ပြည်သာသနာဆရာတော်အဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံခဲ့ရ၍ (၁၉၇၅)ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်နေ့တွင် ဂိုဏ်းချုပ်ဆရာတော်ကြီး ဂါဗြီအဲလ်သိုဟေးမန်းဂါဘီက ဘုန်းတော်ကြီး အန်ထော်နီ ဦးပိုလေးကို ကျောင်းထိုင်ဘုန်းတော်ကြီးအဖြစ် ခန့်အပ်သဖြင့် မကျီးကွင်းကျေးရွာ၌ ပထမဆုံး ကျောင်းထိုင်ဘုန်းတော်ကြီး ဖြစ်လာခဲ့သည်။

နောက်ပိုင်းတွင် ဘာသာဝင် လူဦးရေ တိုးပွားလာသဖြင့် (၁၉၈၃)ခုနှစ်၊ ဒီဇင်ဘာလ (၂၅)ရက်နေ့၌ အုတ်ဘုရားကျောင်းဆောင်အသစ်ကို ကျယ်ဝန်းသော ရွာ၏အပြင်၊ တောင်ဘက်တွင် ဘုန်းတော်ကြီး အန်ထော်နီ ဦးပိုလေး ဦးဆောင်၍ ဆောက်လုပ်နိုင်ခဲ့ပြီး လုဒ်မယ်တော် သခင်မထံ ပူဇော်အပ်နှံခဲ့သည်။ ဘုန်းတော်ကြီး အန်ထော်နီ ဦးပိုလေးသည် (၂၀၀၆)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် ပျံလွန်တော် မူသွားခဲ့သောကြောင့် (၂၀၀၆)ခုနှစ်၊ မတ်လမှစ၍ (၂၀၁၁)ခုနှစ်အထိ၊ ဘုန်းတော်ကြီး Alphones ဦးကိုလေး၊ (၂၀၁၂)ခုနှစ် မတ်လမှ (၂၀၁၃) ဇွန်လအထိ၊ ဘုန်းတော်ကြီး

Paulus Saw Kalo Htoo (၂၀၁၃-၂၀၁၆)ခုနှစ်အထိ၊ ဘုန်းတော်ကြီး Wilfred စောသန်းဝင်း (၂၀၁၇-၂၀၂၄)ခုနှစ်ထိ ဘုန်းတော်ကြီး Pious U Win Ko (MSP)(ကျောင်းထိုင်)နှင့် လက်ထောက်ဘုန်းတော်ကြီး Thomas Moe Naing (MSP) (၂၀၂၁-၂၀၂၄)၊ (၂၀၂၄)ခုနှစ်မှ ယခုလက်ရှိအထိ Fr. Thomas Moe Naing (MSP) (ကျောင်းထိုင်)နှင့် လက်ထောက်ဘုန်း တော်ကြီး Celestine Sa Tiwu (MSP) တို့က အသီးသီး တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

# ကောင်းသောသိုးထိန်းသီလရှင်များရောက်ရှိခြင်း

(၁၉၇၅)ခုနှစ်တွင် ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ဂါဗြီအဲလ်သိုဟေးမန်းဂါဘီသည် မကျီးကွင်းရှိ သိုးစုများကြားတွင် နေထိုင်ကာ တမန်တော်လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် အနီးအနားပတ်ဝန်းကျင် ဗုဒ္ဓဘာသာရွာများတွင် ဧဝံဂေလိသတင်းကောင်းဝေငှရန်အတွက် ကောင်းသောသိုးထိန်းသီလရှင်များကို ဖိတ်ခေါ်ခဲ့သည်။ မကျီးကွင်းရွာသည် သာယာဝတီခရိုင်နှင့် နီးသော်လည်း လျှပ်စစ်မီးမရှိဘဲ လမ်းပန်း ဆက်သွယ်ရေးအတွက် လှေ၊ ဆိုက်ကားကို အသုံးပြုကာ သုံးဆယ်မြို့သို့ သွားရသည်။ ဆက်သွယ်ရေးအတွက် တယ်လီဖုန်းမရှိသဖြင့် တစ်ဆင့်စကားပါး၍ သော်လည်းကောင်း၊ စာတိုရေးကာ လူကြုံဖြင့် ပေးပို့၍ သော်လည်းကောင်း၊ စာတိုက်ဖြင့် သော်လည်းကောင်း အဆက်အသွယ်ပြုခဲ့ရသည်။ ဆေးရုံ၊ ဆေးပေးခန်း မရှိပေ။ အစိုးရမူလတန်းကျောင်း ရှိသော်လည်း ကျောင်းတက်သူ ကလေးဦးရေ အလွန်နည်းပါးသည်။ ရွာတွင် သန့်ရှင်းသော သောက်သုံးရေ မရှိသည့်အပြင် ရေရှားပါးသည်ကတစ်ကြောင်း၊ ကျန်းမာရေး ဗဟုသုတနည်းသည်ကတစ်ကြောင်းတို့ကြောင့် ရွာသားများသည် အဝတ်အထည်များ ပုံမှန်လျှော် ဖွတ်ခြင်း မရှိဘဲ တစ်ကိုယ်ရေ သန့်ရှင်းရေးအားနည်းခြင်းကြောင့် ရွာရှိကလေးများမှာ အရေပြားယားယံခြင်း၊ အနာဖြစ်ခြင်းများ တွေ့ရတတ်သည်။ အိမ်များတွင် အိမ်သာမရှိပါ။ အဆိပ်ရှိသော မြွေပွေး၊ မြွေဟောက်၊ မြွေချောက် စသည်တို့ကို ဥတုရာသီသုံးပါးစလုံးတွင် တွေ့ရသည်။ မြွေများသည် လူနေအိမ်၊ ပစ္စည်းများ သိုထားရာနေရာများတွင် အသိုက်လုပ်သည်။ လယ်ထွန်သွားရာတွင် မြွေပွေးကိုက်ခံရ သောလူနာများလည်းရှိသည်။

ရာသီဥတုမှာ နွေရာသီတွင် ပူပြင်းသည်။ ဖုန်ထသည်။ အများစုမှာ ဖုန်ထူသောလေကို ရှူရှိုက်မိသောကြောင့် ချောင်းဆိုးကြပြီး၊ ပန်းနာ၊ ရင်ကြပ်၊ တီဘီရောဂါဝေဒနာများ ခံစားကြရသည်။ မိုးရာသီတွင် မိုးများသည်။ မိုးတွင်းကာလတစ်လျှောက်လုံး ရွာတွင် ရွှံ့ထူပြီး ရွှံ့ဗွက်ထဲတွင် သွားလာရသည်။ ဗွက်အထူမှာ ခြေမျက်စိအထိ ဖုံးသည်။ မြေပျော့သည့် နေရာအချို့တွင် ခြေသလုံးရောက်သည်အထိ ဗွက်ထဲ နစ်ဝင်သွားတတ်သည်။ မိုးတွင်းကာလတွင် ဈေး ရောင်းဈေးဝယ်များမှာ ဤရွှံ့ဗွက်ထူသောလမ်းကို အသုံးပြု၍ သွားလာရသောကြောင့် ခရီးမတွင်လှချေ။ အရေပြားယားနာရောဂါ မကြာမကြာရတတ်သည်။ ဆောင်းရာသီတွင် အေးသည်။ အနွေးထည် နှင့် စောင်များမလုံလောက်၍ ဆောင်းရာသီတွင် ကောက်ရိုးကိုအသုံးပြုကာ အိပ်ယာခင်းအောက်တွင် ထား၍ အိပ်ရသည်။

မကျီးကွင်းရွာသူရွာသားများသည် စည်းလုံးကြသည်။ ကူညီတတ်ကြသည်။ သားသတ်ခြင်း အလုပ်ကို ကျွမ်းကျင်စွာ လုပ်ကိုင်ကြသည်။ ရွာတွင် ကလေးများကို မိဘများက အချိန်ပြည့် မကြည့်နိုင်ကြသောကြောင့် သားသမီးအကြီးများက အငယ်များကို ပြန်ထိန်းရသည်။

ဤစိန်ခေါ်မှုများနှင့် ပြည့်နှက်နေသော ကျေးလက်ဒေသ သာသနာပြုလုပ်ငန်းကို ကောင်းသောသိုးထိန်းသီလရှင်များက မဆိုင်းမတွ လက်ခံခဲ့ပြီး ကျောင်းဖွင့်ရန်အတွက် လိုအပ်သောပြင်ဆင်မှုများပြုလုပ်ရန်နှင့် ရွာ၏အခြေအနေများကို လေ့လာသုံးသပ်ရန် စစ္စတာရ် Cyril James နှင့် စစ္စတာရ်Marie Lewisတို့က ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ အစပိုင်းတွင် ရန်ကုန်ကျောင်းမှ ရွာသို့ မကြာခဏ သွားရောက်နေထိုင် လေ့လာခဲ့ကြသည်။ စစ္စတာရ် (၂) ပါးကို ရွာသားများက နွေးထွေးစွာ လက်ခံကြပြီး အတာကြီးခေါ် အပျိုကြီး ဒေါ်ညွှန့်ရင်နေအိမ်၌ အခန်း ပြင်ဆင်ပေးကာ ယာယီနေထိုင်ရန် စီစဉ်ပေးခဲ့ကြသည်။ အဆိုပါနေအိမ်တွင် တစ်နှစ်ခန့်နေထိုင်ခဲ့ပြီးနောက် စစ􀀀တာရ်များသည် “**ဘုတစ်ရာ**”ရွာမှ အိမ်တစ်လုံးကို ဝယ်ယူခဲ့ကြသည်။ မကျီးကွင်းရွာသားများ ဖြစ်ကြသော ဦးသောင်းစိန်၊ ဦးပန်၊ ဦးမောင်ခင်၊ ဦးဇော်ဂျီ၊ ဦးတလုပ်ဖြူ နှင့် ဦးစံတင့်တို့ ဦးဆောင်ပြီး အိမ်ဆောက်ပစ္စည်းများကို နွားလှည်းဖြင့် သယ်ယူပေးခဲ့ကြသည်။ လက်သမား ဦးသိန်းမောင်နှင့် ဦးငကျော်တို့ ဦးဆောင်၍ ဘာသူတူများမှလှူဒါန်းပေးသော စားကျက်မြေပေါ်တွင် သစ်သားခြေတံရှည် သွပ်မိုး ပျဉ်ထောင်အိမ် တစ်လုံး (ယခုဘော်ဒါဆောင်) ကို ဆောက်လုပ်ခဲ့ကြသည်။

စစ􀀀တာရ်များသည် ရွာ၏ဘာသာရေးပွဲတော်များ၌ ပါဝင်ခြင်းအားဖြင့် ရွာသားများနှင့် ရင်းနှီးမှု ရယူခဲ့ကြသည်။ ရွာ၌ နေထိုင်စဉ်ကာလအတွင်း ရွာ၏အထူးလိုအပ်ချက်ဖြစ်သော ရွာသားများအား ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေး အသိပညာမြှင့်တင်ပေးခြင်း၊ လူမှုပေါင်းသင်းဆက်ဆံရေးနှင့် ဝတ်ပြုကိုးကွယ်ခြင်းအတွက် ဓမ္မသီချင်းများ သင်ကြားပေးခြင်း၊ ဘုရားစကားသင်ကြားပေးခြင်း အစရှိသည့် တမန်တော်လုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ကြသည်။ ထိုနောက် ဆရာတော်၏ပံ့ပိုးမှု၊ အလှူရှင်များ၏ထည့်ဝင်မှု၊ ရွာသားများ၏အားပေးလုပ်ဆောင်မှုဖြင့် ခြေတံရှည်အိမ် သီလရှင်ကျောင်းကို အောင်မြင်စွာ ဆောက်လုပ်နိုင်ခဲ့သည်။

မကျီးကွင်းကျေးရွာရှိ ကောင်းသောသိုးထိန်းသီလရှင်ကျောင်းကို (၁၉၇၆)ခုနှစ် ဇူလိုင်လ(၁၄) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကိုယ်တော်မြတ်ကျောင်းဆောင်ကို သီလရှင်ကျောင်း၌ ထားရှိခွင့်ရခဲ့

သည်။ ပထမဆုံးတာဝန်ထမ်းဆောင်ခဲ့သော သီလရှင်များမှာ စစ□တာရ်Helen Angelesၤ စစ□တာရ်Cyril James နှင့် စစ□တာရ်Bernadette Georgieတို့ ဖြစ်သည်။ ၁၉၇၆ ခုနှစ် ဇူလိုင်လ(၁၈)ရက်နေ့တွင် ကောင်းသောသိုးထိန်းသီလရှင်များအား ရွာသားများက တခမ်းတနား ကြိုဆိုနှုတ်ဆက်ပွဲ ပြုလုပ်ပေးခဲ့ကြပါသည်။ ကောင်းသောသိုးထိန်း သီလရှင်များသည် ၁၉၇၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိ ဤကျောင်းဆောင်၌ နေပြီး သာသနာ့အမှုတော်ကို အလှည့်ကျ တာဝန်ယူ ထမ်းဆောင်ခဲ့ကြသည်။ (၂၀၀၇)ခုနှစ် နောက်ပိုင်းတွင် စစ□တာရ်များ နေထိုင်လျက်ရှိသည့်ကျောင်းဆောင်မှာ ဆက်လက်နေထိုင်ရန် အဆင်မပြေတော့ပေ။ သစ်သားအိမ်ဖြစ်သောကြောင့် ဆွေးမြေ့ခြင်း၊ ခြစားခြင်း၊ ရာသီဥတုဒဏ်ကြောင့် ပျက်စီးခြင်းများ ရှိသည့်အတွက် ကျောင်းဆောင်အသစ်ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလ (၁၁) ရက်နေ့တွင် စတင် ဆောက်လုပ်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဩဂုတ်လ (၂၄) ရက်နေ့တွင် ဘုန်းတော်ကြီး Alphones ဦးကိုလေးက စစ□တာရ်ကျောင်းဆောင်သစ်(ယခု) ကို ကောင်းချီးပေးဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်အထိ စစ□တာရ်များ နေထိုင်လျက်ရှိသည်။

## တမန်တော်လုပ်ငန်းများနှင့် ဝိညာဉ်ရေး

စစ□တာရ်များသည် မကျီးကွင်းရွာရှိ ကက်သလစ်ဘာသာဝင်များ၏ ဝိညာဉ်ရေးသာမက ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကို စွန့်လွှတ် စွန့်စားလျက် စေတနာထားကာ ကြိုးစားအားထုတ် လုပ်ဆောင်ခဲ့ကြပါသည်။ မကျီးကွင်းရွာသည် သာယာဝတီခရိုင်၊ သုံးဆယ်မြို့နှင့် (၃)မိုင်ခန့်သာ ကွာဝေးသော်လည်း ဖွံ့ဖြိုးတိုးတက်မှုမရှိသေးပေ။ လမ်းပန်း ဆက်သွယ်ရေးအနေဖြင့် ရန်ကုန်-ပြည်လမ်းမှ ရွာသို့အဝင်လမ်းသည် အသေအချာ ဖောက်လုပ်ထားခြင်း မရှိသဖြင့် လယ်ကန်သင်းရိုးများပေါ်မှ ခြေလျင်ခရီးဖြင့်လည်းကောင်း၊ ရွာအဝင်ချောင်းမှာလည်း တံတား အခိုင်အခန့် ဆောက်လုပ်ထားခြင်း မရှိသဖြင့် လှေစီး၍လည်းကောင်း၊ ရွှံ့နွံများကြားမှ ခက်ခဲပင်ပန်းစွာ သွားလာခဲ့ကြရသည်။ အခြေခံ လိုအပ်ချက်များဖြစ်သော သန့်ရှင်းသော သောက်သုံးရေ၊ လျှပ်စစ်မီး၊ တယ်လီဖုန်း ဆက်သွယ်မှုများလည်း မရှိခဲ့သောကြောင့် စစ□တာရ်များအတွက် အစပိုင်းတွင် အခက် အခဲများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

စစ□တာရ်များ မကျီးကွင်းရွာသို့ စတင်ရောက်ရှိချိန်မှစပြီး ကျောင်းထိုင်ဘုန်းတော်ကြီး၊ သာသနာ့အကျိုးဆောင်အဖွဲ့များနှင့် ပူးပေါင်းကာ ကက်သလစ်ဘာသာဝင်တို့၏ ဝိညာဉ်ရေးအတွက်၊ ဘာသာရေး၊ ပညာရေး၊ လူမှုရေး၊ အသိပညာ ဗဟုသုတ ရရှိရန် တိုက်တွန်းအားပေးခြင်းတို့ကို အဓိက ဦးစားပေး လုပ်ဆောင်ခဲ့ကြသည်။ ရှေးဦးစွာ ကလေးများအား ညနေပိုင်း စုပေါင်း စိပ်ပုတီးစိတ်ခြင်း မပြုမီ ဘုရားစကား သင်ကြားပေးခြင်း၊ ဘုရားကျောင်း ဝေယျာဝစ္စနှင့် ဝတ်ပြုကိုးကွယ်ခြင်းများ၌ ဦးဆောင်ခြင်းများပြုလုပ်ပြီး ကလေး၊ လူငယ်၊ လူကြီးများအား ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ ကိစ□ရပ်များကို စနစ်တကျ သင်ကြားပြသပေးခဲ့ကြသည်။ လူငယ်များ၊ မိခင်ဖခင်များတို့ကို အဖွဲ့ခွဲပြီး ဘုရားစကားနှင့် အထွေထွေဗဟုသုတများ သင်ကြား ပေးခြင်းတို့ကို တစ်ပတ်တစ်ကြိမ် လုပ်ဆောင်ပေးခဲ့သည်။ ထို့အပြင် မိခင်၊ ဖခင် အသင်းကိုလည်း စနစ်တကျ ဖွဲ့စည်းပေးခြင်း၊ စာပေတတ်မြောက်သူနည်းပါးသောကြောင့် သီချင်းဆိုဝါသနာကြီးသော ရွာသားများကို ဓမ□သီချင်းများ နှုတ်တိုက်သင်ကြားပေးခဲ့သည်။ ဤသို့ဖြင့် ရွာသားများသည် တဖြည်းဖြည်း နှင့် ဘာသာတရားကိုင်းရှိုင်းလာပြီး ဘုရားကျောင်းတက်လာကြသည်။ စိပ်ပုတီးစိတ်ခြင်း၊ ခရစ္စတူးကား တိုင်လှည့်ခြင်းတို့တွင် ပါဝင်လာကြသည်။ ယခင်က မစ္ဆားပူဇော်လျှင် ဘုန်းကြီး၊ စစ□တာရ်များသာရှိပြီး နောက်ပိုင်းတွင် ရွာသားများ ပါဝင်လာကြသည်။

(၁၉၈၅)ခုနှစ် နောက်ပိုင်းတွင် စစ□တာရ်များသည် ဘုရားစကားသင်ကြားရန်အတွက်လည်း ကောင်း၊ သင်တန်းများပေးရာ၌လည်းကောင်း၊ ကျောင်းစာများသင်ကြားပေးရာ၌လည်းကောင်း၊ နေရာ အခက်အခဲကြုံတွေ့ရသဖြင့် ဘုရားကျောင်းအနီးရှိ မြေကွက်တစ်ခုကို ဝယ်ယူခဲ့ပြီး (၁၉၈၆) ခုနှစ်၊ ဖေဖော်ဝါရီလတွင် ယာယီတဲ ဆောက်လုပ်အသုံးပြုခဲ့သည်။ စစ□တာရ် Helen Angeles ၏အစ်မဖြစ်သူ Mrs. Rhoda Murdock နှင့် Australia မှ မိတ်ဆွေများ ကူညီလှူဒါန်းမှုဖြင့် (၁၉၉၅) ခုနှစ် ဧပြီလတွင် ဓမ္မာရုံကို သစ်သားဖြင့် ဆောက်လုပ်အသုံးပြုနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံမှ အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် အပူခံသွပ်မိုး အုတ်ကာ အဆောက်အဦးအဖြစ် အခိုင်အမာ ဆောက်လုပ် အသုံးပြုနိုင်ခဲ့သည်။

စစ□တာရ်များသည် သုံးဆယ်မြို့ စိန်ဂျိုးဇက်ဘုရားကျောင်း၊ ဓမ္မဆရာသင်တန်းကျောင်း ရှိစဉ်က အခါအား လျော်စွာ ဝိညာဉ်ရေးဆိုင်ရာဘာသာရပ်များကို သွားရောက်ကူညီပို့ချခဲ့သည်။ စစ□တာရ်များသည် မကျီးကွင်းကျေးရွာရှိ ကက်သလစ်ဘာသာဝင်များ၏ ဝိညာဉ်ရေးသာမက

အနီးပတ်ဝန်းကျင်ရှိ ဗုဒ္ဓဘာသာရွာများနှင့် ခရစ်ယာန်ရွာများသို့လည်း ခြေလျင်ဖြင့်လည်းကောင်း၊ နွားလှည်းဖြင့်လည်းကောင်း၊ နောက်ပိုင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်လာချိန်တွင် ဆိုင်ကယ်၊ကားတို့ဖြင့် သွားရောက်ကာ မိတ်ဆွေဖွဲ့ပြီး တမန်တော်လုပ်ငန်းများ၊ လူမှုကူညီရေး လုပ်ငန်းများကို လုပ်ဆောင်ကြသည်။

## ပညာရေး

မကျီးကွင်းရွာရှိ လူကြီးမိဘအများစုသည် မိမိကိုယ်တိုင် ပညာသင်ခွင့်မရရှိခဲ့သလို မိမိတို့သား သမီးများ၏ပညာရေးကိုလည်း အားပေးခြင်းမရှိသောကြောင့် စစတာရ်များမှ ပညာရေးမြှင့်တင်ရန် ကြိုးစားအားပေး တိုက်တွန်းခဲ့ကြသည်။ ရှေးဦးစွာ (၁၉၈၁)ခုနှစ်တွင် စစတာရ် Helen Angeles သည် ရွာရှိ စိန်ဗင်းဆင်းဒီပေါလ်အသင်း၏ ဝိညာဉ်ရေးလမ်းညွှန်အဖြစ် တာဝန်ယူစဉ် ရန်ကုန်မြို့ရှိ စိန်ဗင်းဆင်းဒီပေါလ်အသင်းမှ အလှူခံကာ ကလေးများ၏ပညာရေးကို ထောက်ပံ့ကူညီပေးခဲ့သည်။ အခြေခံမြန်မာစာ ရေးတတ်၊ဖတ်တတ်စေရန် စစတာရ်ကိုယ်တိုင် မိခင်(၂၀)ဦးအား "**အ**"သုံးလုံး သင်ကြားပေးခဲ့ကြသည်။ ရွာ၌ မူကြိုကျောင်းမရှိသေးသည့်အတွက် (၁၉၇၆) ခုနှစ်မှစတင်ကာ စစတာရ်ကျောင်း ခြေတံရှည်အိမ်အောက်၌ မူကြိုကျောင်းတစ်ခုဖွင့်လှစ်ကာ ဘက်စုံဖွံ့ဖြိုးသော ကလေးများဖြစ်ရန် ပြုစုပျိုးထောင်ပေးခဲ့သည်။ (၂၀၀၃) ခုနှစ်မှစ၍ ဂျာမနီနိုင်ငံအခြေစိုက် Malteser International ၏အကူအညီဖြင့် ရွာလယ်၌ မြေဝယ်ကာ သစ်သားမူကြိုကျောင်းဆောင်အသစ်ကို ဖွင့်လှစ်ခဲ့ပြီး မကျီးကွင်းရွာသူ ဒေါ်ထားဝင်းအား မူကြိုဆရာမအဖြစ် ခန့်အပ်ခဲ့သည်။ (၂၀၁၇) ခုနှစ်တွင် တူရကီနိုင်ငံသံရုံး (Tika) ၏အကူအညီဖြင့် မူကြိုကျောင်းကို အုတ်ဖြင့် ပြန်လည်ဆောက်လုပ်ခဲ့ပြီး ယခုလက်ရှိအချိန်အထိ ဖွင့်လှစ်ထားပါသည်။

ကလေးများ၏ ပညာရေးသာမက အာဟာရပြည့်ဝစေရန်နှင့် စီးပွားရေးအဆင်မပြေသည့် မိသားစုရှိ ကလေးများနှင့် လူကြီးများအတွက် တစ်နေ့လျှင် အာဟာရနှင့် ကျောင်းထမင်းဘူး ၂ နပ်စာ ကျွေးမွေးသောအစီအစဉ်ကို စစတာရ်Joan Andrew မှ စတင်၍ အလှူရှင်များဖြစ်သော **Korean Catholic Community** (**Incheon Diocese)** ၏ အကူအညီဖြင့် (၂၀၀၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်) အထိ (၁၀) နှစ်ခန့် ပြုလုပ်ပေးခဲ့ပါသည်။ ဆက်လက်ပြီး **Korean Catholic Community (အမည်သစ်**

**LLMM, Life – Love Movement Myanmar)** အလှူရှင်များက မူကြိုအတွက် လိုအပ်သောစာရေးကိရိယာနှင့် သင်ထောက်ကူပစ္စည်းများကို လက်ရှိအချိန်ထိ ကူညီပံ့ပိုးလျက်ရှိပါသည်။ (၂၀၁၄) ခုနှစ် Sr. Eunan Lawerance လက်ထက်တွင် Early Childhood Care and Development (ECCD) စနစ် မှ Montessori စနစ်သို့ ပြောင်းလဲရန် ဆရာမ ထားထားဝင်း နှင့် ဆရာမ ဌေးဌေးမြင့် တို့အား ရန်ကုန်ရှိ Montessori သင်တန်းကျောင်းသို့ပို့ပေးခဲ့သည်။ (၂၀၂၃) ခုနှစ်တွင်လည်း ဆရာမ မေရီအန်း အား ပညာ့စမ်းရေ (PSI) ဆရာမများမှဦးဆောင်ပို့ချသော Montessori ပညာ(၃လ)သင်တန်းကို ပဲခူး မြို့၌ သွားရောက်သင်ယူစေခဲ့သည်။ ဤကဲ့သို့ Montessori သင်ကြားနည်းပုံစံကို အသုံးပြုခြင်းဖြင့် ကောင်းသောသိုးထိန်းသီလရှင်များ၏ “မျိုးဆက်သစ်” မူကြိုသည် ပိုမိုတိုးတက်လာခဲ့သည်။ ၁၉၇၆ မှ ၂၀၂၅ ခုနှစ် လက်ရှိအချိန်ထိ မူကြိုကလေးဦးရေ များစွာကိုမွေးထုတ်နိုင်ခဲ့သည်။

(၁၉၉၃)ခုနှစ်တွင် စစ□တာရ်များသည် ပညာသင်ကြားရန် အခက်အခဲရှိသော အလယ်တန်း ကျောင်းသူ (၃)ယောက်ကို ပထမဆုံးဘော်ဒါကျောင်းသူများအဖြစ် လက်ခံကာ ပညာသင်ကြားပေးပြီး အစစအရာရာ ထောက်ပံ့ကူညီပေးခဲ့သည်။ (၁၉၉၆) ခုနှစ်တွင် ထိုဘော်ဒါကျောင်းသူ (၃) ဦးနှင့် ရွာရှိ နောက်ထပ်ကျောင်းသူတစ်ဦးကို လွိုင်ကော်မြို့ရှိ ကောင်းသောသိုးထိန်းဘော်ဒါကျောင်းသို့ပို့ကာ ပညာ ဆက်လက်ဆည်းပူးစေခဲ့သည်။ ရွာရှိ ကျောင်းသူကျောင်းသားများ၏ ပညာရေးမြှင့်တင်ပေးရန် ရည်ရွယ်၍ (၁၉၉၉)ခုနှစ်တွင် အသင်းကို လေ့လာရန် ရောက်ရှိနေသော ဆရာမ နုနုထွန်း (လွိုင်ကော်)၏ အကူအညီဖြင့် ရွာရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများနှင့်အတူ အခြားဒေသမှ လာရောက်သော ကျောင်းသူများကို အနီးကပ်စာသင်ကြားပေးခဲ့ရာ (၅)ဦး အောင်မြင်ခဲ့သည်။ ရွာရှိ ကျောင်း သူအချို့ကိုလည်း မန္တလေး၊ လွိုင်ကော်နှင့် ဟိုပင်မြို့များရှိ ကောင်းသောသိုးထိန်းသီလရှင်ကျောင်းများ၌ ဘော်ဒါကျောင်းသူအဖြစ် ပို့ဆောင်ပေးပြီး အထက်တန်းပညာပြီးဆုံးသည်အထိ တာဝန်ယူသည်သာမက လိုအပ်ပါက အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပေးကာ ဘဝမြှင့်တင်ပေးခဲ့ သည်။

မကျီးကွင်းကျေးရွာတွင် ယခုထိတိုင် မူလတန်းလွန်အဆင့်ကျောင်းသာရှိသဖြင့် အလယ်တန်းနှင့် အထက်တန်းပညာကို ရွာမှ သုံးမိုင်အကွာရှိ လိပ်အင်းအလယ်တန်းကျောင်းနှင့် သုံးဆယ်မြို့ရှိ အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရသည်။ ထို့နောက်

လိပ်အင်းရွာနှင့် သုံးဆယ်မြို့ရှိ ကျောင်းများသို့ ခြေလျင်သွားရသောကျောင်းသူကျောင်းသားများ ပိုမိုလွယ်ကူအဆင်ပြေစေရန် စစ□တာရ်များက စက်ဘီးအစီး(၂၀)ကို Canossian Sisters များထံမှ အကူအညီတောင်းခံပေးခဲ့သည်။ (၂၀၁၆) ခုနှစ် နောက်ပိုင်း စစ□တာရ် Rebecca Kay Thi Oo တာဝန်ယူချိန်တွင် ကျောင်းသူကျောင်းသားများ ရာသီမရွေး ကျောင်းသွားရာတွင် ပိုမိုအဆင်ပြေစေရန်နှင့် လမ်းခရီးတွင် လုံခြုံမှုရှိစေရန် Singapore / Malaysia Mission Partners မှ တစ်ဆင့် Mr. Bernard & Yea Chi မိသားစုမှ Light Truck ကျောင်းကားတစ်စီးကို လှူဒါန်းခဲ့သည်။ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူကျောင်းသားဦးရေ များလာသောကြောင့် (၂၀၁၇)ခုနှစ်တွင် Enfants du Mekong (EDM) ၏အကူအညီဖြင့် လိုအပ်နေသော Light Truck ကားတစ်စီးကို ထပ်မံစီစဉ်ပေးနိုင်ခဲ့သည်။

ရွာရှိ အစိုးရမူလတန်းကျောင်းကို (၁.၆.၁၉၅၃) တွင် ဖွင့်လှစ်ခဲ့သည်။ စစ□တာရ်များရောက်ချိန်တွင် နံနက်(၇:၃၀ - ၈:၃၀) အထိ မူလတန်းကလေးများအား ကျောင်းမတက်မီ ကျောင်းစာကို ပြပေးခဲ့သည်။ စစ□တာရ်များ၏ အားပေးကူညီပေးမှုကြောင့် ရွာရှိ ကျောင်းတက်သူဦးရေတိုးတက်လာခဲ့သည်။ အလယ်တန်းနှင့်အထက်တန်း ကျောင်းသူ၊ ကျောင်းသားများအတွက် ညစာကျက်ဝိုင်းကို စီစဉ်ပေးခဲ့သည်။ (၂၀၀၇) ခုနှစ် ဇူလိုင်လတွင် စစ□တာရ်Amy Martina မှ ပြင်သစ်နိုင်ငံအခြေစိုက် EDM (Enfants du Mekong) ပညာသင်ထောက်ပံ့ရေးအဖွဲ့နှင့် ချိတ်ဆက်ကာ ရွာရှိ ဆင်းရဲပြီး ပညာသင်ကြားရန် လိုသော ကျောင်းသူကျောင်းသားများအတွက် ပညာသင်စရိတ် ထောက်ပံ့ ကူညီပေးခဲ့ရာ ၂၀၀၇ မှ ၂၀၂၅ ခုနှစ် လက်ရှိအချိန်ထိ ကျောင်းသား၊ ကျောင်းသူ ဦးရေ စုစုပေါင်း (၁၀၀) ခန့်ကို မူလတန်းမှ အထက်တန်းအထိ ပညာရေးထောက်ပံ့ကြေးရှိရန် ကူညီပေးနိုင်ခဲ့သည်။

ခေတ်အဆက်ဆက်မှ စစ□တာရ်များ ပညာသင်ကြားပေးခဲ့သောရွာသားများထဲမှ အရည်အချင်းရှိသူများကို ဆရာ၊ ဆရာမများအဖြစ် စီစစ်ရွေးချယ်ပြီး စစ□တာရ်များကိုယ်တိုင်လည်း သင်ကြားရေးတွင် ပါဝင်လုပ်ဆောင်ခဲ့သည်။ ဆရာ၊ဆရာမများကိုလည်း တစ်ပတ်လျှင်တကြိမ် စိတ်ဖိစီးမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အကြံပေးခြင်း၊ သင်ကြားရေးတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် သင်ကြားရေးအဆင့်မြှင့်တင်နိုင်ရန် လမ်းညွှန်မှုများ လုပ်ဆောင်ပေးခဲ့သည်။ ထိုစာကျက်ဝိုင်းကို စနစ်တကျပြန်လည်ဖွဲ့စည်းကာ **ရိုးရိုးကျင့် မြင့်မြင့်ကြံ စိတ်ထားဖြင့် ဘဝကို ပျော်ရွှင်စွာ**

**လျှောက်လှမ်းနိုင်ရန်** ရည်ရွယ်ချက်ထားရှိပြီး ထိုစာကျက်ဝိုင်းကို **''နှင်းဆီဖြူ''** (Rose Virginie) စာကျက်ဝိုင်းဟု ၂၀၁၂ ခုနှစ်တွင် စစတာရ်Agnes Pai Tu မှ အမည် ပေးခဲ့သည်။ လျှပ်စစ်မီးမရှိသောကြောင့် ညအချိန်တွင် ရေနံဆီမီးခွက်အလင်းရောင်ဖြင့် လည်းကောင်း၊ မီးစက်မောင်းပေးခြင်းဖြင့်လည်းကောင်း ကျောင်းစာပြုလုပ်ရန် ကူညီပေးခဲ့သည်။ (၂၀၁၆) ခုနှစ်တွင် ကလေးများ ညအချိန်စာကျက်ရန်အတွက် Australia နိုင်ငံတွင် နေထိုင်သူ Ms. Valentina Lwin နှင့် အလှူရှင်များစုပေါင်း၍ Solar မီးကို တပ်ဆင်ပေးခဲ့သည်။ ထို့နောက် (၂၀၂၃) ခုနှစ် EDM (Enfants du Mekong) ၏ ထောက်ပံ့ပေးမှုဖြင့် Solarမီးပေးစနစ်ကို အဆင့်မြှင့်တင်ခဲ့ပြီး ကလေးများစာသင်ကြားရာတွင် ပိုမိုအထောက်အကူဖြစ်စေခဲ့သည်။

(၂၀၀၈) ခုနှစ်တွင် နာဂစ်မုန်တိုင်းဒဏ်သင့်ခဲ့သော ဧရာဝတီတိုင်းမှ အမျိုးသမီးငယ် (၄)ဦးနှင့် အခြားနီးစပ်ရွာများမှ ချို့တဲ့သောအမျိုးသမီးငယ်လေးများကို ဘော်ဒါကျောင်းသူအဖြစ်လက်ခံကာ EDM အကူအညီဖြင့် အစားအသောက်နှင့် ကျောင်းစရိတ်များပါ ထောက်ပံ့ကူညီပြီး ထိန်းသိမ်းစောင့်ရှောက် ပေးခဲ့သည်။ တကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများကိုလည်း တကသိုလ်ပညာ ဆက်လက်ဆည်းပူးနိုင်စေရန် ပံ့ပိုးကူညီပေးခဲ့သည်။ အထက်တန်းပညာ အဆင့်အောင်မြင်ပြီးသူ တနှစ်ထက်တနှစ် တိုးတက်လာခဲ့သည်။ စစတာရ်များ၏ ပညာရေးမြှင့်တင်အားပေးမှုကြောင့် နှင်းဆီဖြူစာကျက်ဝိုင်း (Rose Virginie) မှ ကျောင်းသူကျောင်းသားများသည် ပညာထူးချွန်ဆုများ ဆွတ်ခူးလာကြသည်သာမက ဘွဲ့ရ ပညာတတ်များလည်း တိုးပွားလာနေသည်မှာ ဂုဏ်ယူဖွယ်ဖြစ်ပါသည်။ ထို့အပြင် Infant Jesus အသင်းဂိုဏ်းမှ Sr. Grace Chia၏ ပံ့ပိုးကူညီခြင်းဖြင့် **ပညာစမ်းရေ** ဆရာအတတ်သင်ကျောင်းသို့ ဆရာ Francis သန်းဝင်းဦးကို (၂၀၁၆) ခုနှစ်တွင်လည်းကောင်း၊ (၂၀၂၄-၂၀၂၅) ခုနှစ်တွင် မြတ်သက်ထားကို လည်းကောင်း ပို့ပေးခဲ့ပြီး စွမ်းရည်မြှင့်တင်ပေးခဲ့သည်။

(၂၀၂၁)ခုနှစ် ကိုဗစ်ကာလတွင် စစတာရ်Magdalena Sandar Win တာဝန်ယူချိန်တွင် စာသင် ကျောင်းများပိတ်ထားရ၍ ကလေးများ ပညာရေးရပ်တန့်မသွားစေရန်အတွက် Home-Based Learning အစီအစဉ်ဖြင့် နေရာကျယ်သောအိမ်များတွင် ကလေးများကို အဖွဲ့ခွဲပြီး သင်ကြားပေး ခဲ့သည်။ တိုင်းပြည်အခြေအနေအရ လိုအပ်နေသော ပညာရေးကို online သင်တန်းများဖြင့် ၂၀၂၁ ခုနှစ်မှစတင်၍ လက်ရှိအချိန်ထိ စစတာရ် Rosaline Lay Khine မှ ဆက်လက်ပြီး ဦးဆောင် ပေးလျက်ရှိပါသည်။

ခေတ်အဆက်ဆက်၌ပင် စစ􏰀တာရ်များသည် နွေရာသီကျောင်းပိတ်ချိန်တွင် ကလေးများအတွက် အကျိုးရှိသောအချိန်ဖြစ်စေရန် အော်ဂင်၊ ဂီတာ၊ တယော၊ စသည့် သင်တန်းများအပြင် Social Game နှင့် ဗဟုသုတပညာရစေသော အမြင်ဖွင့်သင်တန်းများကို ယနေ့ထိတိုင် လုပ်ဆောင်ပေးနေသည်။ လိုအပ်သော Musical Instruments များကို အဖ Cardinal Charles Mg Bo မှလည်း ကူညီပံ့ပိုးမှုများပေးခဲ့သည်။ ၎င်းအပြင် အခြားရွာများဖြစ်သော ငွေးတောက်ကုန်း၊ သူဌေးကုန်း၊ ဘန့်ဘွေးကုန်း စသောရွာများမှ ကလေးများလည်း လာရောက်လေ့လာသင်ကြားကြပါသည်။ မိခင်၊ ဖခင်များ၊ လူငယ်များကိုလည်း သီးသန့်အမြင်ဖွင့်သင်တန်းများ၊ ကလေးပြုစုစောင့်ရှောက်ရေးပညာ၊ အခြေခံကျန်းမာစွာနေထိုင်ရေးဗဟုသုတ၊ အာဟာရနှင့်ဆိုင်ရာ ဗဟုသုတ၊ သားဆက်ခြားခြင်းနှင့် အမျိုးသမီးကျန်းမာရေး စသည်တို့ကို အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ပညာပေးခဲ့သည်။ ယခုအချိန်တွင်လည်း စစ􏰀တာရ်များသည် ရွာသူရွာသားများ အမြင်ကျယ်လာစေရန် ရည်ရွယ်ကာ ပညာရေးဆိုင်ရာ အစိုးရဌာနများနှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး အမြင်ဖွင့် သင်တန်းများ ပြုလုပ်လျက်ရှိသည်။ ပညာရေးအတွက် လုပ်ဆောင်ရာတွင် ရွာထဲမှ ဆယ်တန်းအောင်၊ ဘွဲ့ရပြီးသူများထဲမှ အချို့ ကို ဝန်ထမ်းများအဖြစ် ပြန်လည်ခန့်ထားပြီး လက်တွဲလုပ်ဆောင်ပါသည်။ ဝန်ထမ်းများအတွက် လိုအပ်သော မွမ်းမံသင်တန်းများကိုလည်း "ပညာ့စမ်းရေ" ပညာရေးအဖွဲ့များနှင့်ပူးပေါင်းကာ စီစဉ်ဆောင်ရွက် ပေးခြင်း၊ စိတ်လူမှုပိုင်းဆိုင်ရာ ကျန်းမာခြင်းအတွက်လည်း သင်တန်းများပေးခြင်း၊ လတ်တလော ကမ္ဘာနှင့် မြန်မာပြည်၌ ဖြစ်ပျက်နေသောအကြောင်းအရာများ၊ ရွှေ့ပြောင်းသွားလာရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူ့အခွင့်အရေးနှင့် ကလေးအခွင့်အရေးများနှင့် အမျိုးသမီးများအား အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာအမြင်ဖွင့်သင်တန်းများနှင့် အခြားဘဝတွက်တာ သိမှတ်စရာများကို ဗီဒီယိုခွေများ ပြသ၍လည်းကောင်း၊ ခေတ်မီ မီဒီယာများအသုံးပြု၍လည်းကောင်း အသိပညာများတိုးပွားလာအောင် မကျီးကွင်းကျေးရွာရှိ ကက်သလစ်ဘာသာဝင်များ အတွက်သာမဟုတ်ဘဲ၊ လူမျိုးမရွေး၊ ဘာသာမရွေး လူအားလုံးအတွက် ကူညီပံ့ပိုးလျက်ရှိပါသည်။ စစ􏰀တာရ်များ မကျီးကွင်းကျေးရွာတွင် လာရောက်ပြီး စတင်သာသနာပြုချိန်မှစ၍ ယနေ့လက်ရှိအချိန်ထိ ခေတ်အဆက်ဆက် ကြိုးစားလုပ်ဆောင်ပေးခြင်းဖြင့် ရွာသူရွာသားများ၏ ပညာရေးတိုးတက်လာသည်နှင့်အမျှ

လူမှုဘဝအခြေအနေများလည်း ပြောင်းလဲတိုးတက်လာခဲ့သည်။ ရွာသူ၊ ရွာသားများမှာလည်း ကျေးရွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဦးဆောင်လာနိုင်ခဲ့ကြသည်။

## ကျန်းမာရေး

စစတာရ်များသည် မကျီးကွင်းရွာသို့ စတင်ရောက်စဉ်ကပင် ရွာသူရွာသားများ၏ ကျန်းမာရေးအခြေအနေကို လေ့လာသုံးသပ်မိသဖြင့် သူနာပြုတတ်ကျွမ်းသူ စစတာရ်များက ရွာသားများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို စတင်လုပ်ဆောင်ခဲ့သည်။ အစဦးပိုင်း၌ စစတာရ်ကျောင်းအောက်တွင် အခန်းဖွဲ့ကာ ကိုယ်ထူကိုယ်ထ ဆေးခန်းဖွင့်လှစ်ခဲ့ပါသည်။ (၁၉၉၁)ခုနှစ်၊ မတ်လတွင် ကျန်းမာရေးစောင့်ရှောက်မှု ပိုမို တွင်ကျယ်လာစေရန်နှင့် ဘေးပတ်ဝန်းကျင်ရွာများမှ လူနာများကို ကူညီရန်အတွက် သီလရှင်ကျောင်း နှင့်ကပ်လျက်ရှိသောမြေကိုဝယ်ယူပြီး Mr. Philip Stonehouse ၏အကူအညီဖြင့် ဆေးခန်း အဆောက်အဦးငယ်ကို အုတ်ဖြင့် ဆောက်လုပ်ခဲ့သည်။ သူနာပြု စစတာရ်များက အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုကို ကိုယ်တိုင်ကုသပေးခဲ့ပြီး လိုအပ်လာပါက နီးစပ်ရာဆေးရုံဆေးခန်းကို လွှဲပြောင်းကုသစေခဲ့သည်။

ထို့နောက် လူနာများ များပြားလာခြင်းကြောင့် (၂၀၀၂)ခုနှစ်တွင် ကောင်းသောသိုးထိန်း သီလရှင်ဌာနချုပ်၏ ပံ့ပိုးမှုဖြင့် ရွာလယ်ရှိ မူကြိုနှင့်ကပ်လျက် မြေကွက်တွင် ဆေးခန်းတစ်ခု ဆောက်လုပ်ကာ ရန်ကုန်မှ Dr. Julie အား တစ်ပတ်တစ်ကြိမ် ဆေးခန်းထိုင်ရန် ခန့်အပ်ခြင်း၊ နောက်ပိုင်းတွင် သူနာပြု ဆရာမများခန့်ထားခြင်း ၊ ရံဖန်ရံခါ မြိတ်မြို့မှဆရာဝန် လင်းဝေဖြိုးမှလည်း ရွာသားများ၏ ကျန်းမာရေး ကိုလာရောက်ကူညီစောင့်ရှောက်ခဲ့သည်။ သုံးဆယ်မြို့မှ ပရဟိတ ဆရာဝန်နှင့် သူနာပြုဆရာမများ အပြင် ရန်ကုန်ဂိုဏ်းချုပ်သာသနာမှဖွဲ့စည်းထားသော ပရဟိတဆေးကုသရေးအဖွဲ့လည်း မကြာခဏလာပြီး ရွာသူရွာသားများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို ကူညီပံ့ပိုးပေးခဲ့သည်။ ထို့အပြင် Soja foundation မှ Uros Ivanko နှင့်အတူ အခြားအလှူရှင်များကလည်း ရွာသူ၊ ရွာသားများ၏ ဆေးကုသမှု ကုန်ကျစရိတ်များကို ပံ့ပိုးပေးခဲ့သည်။

နောက်ပိုင်းတွင် မကျီးကွင်းရွာမှာ အဘက်ဘက်မှတိုးတက်လာသည်နှင့်အမျှ အများစုတို့သည် မိမိတို့ကျန်းမာရေးစရိတ်ကို တာဝန်ယူလာနိုင်သည်။ စစတာရ်များမှ ကျန်းမာရေး

ဗဟုသုတများဆိုင်ရာ ဟောပြောပွဲသင်တန်းများပေးခြင်း၊ အသိပညာပေးရုပ်ရှင်များ ပြသခြင်း တို့ကြောင့်လည်း ရွာသူ၊ ရွာသား များ၏ ကျန်းမာရေးဗဟုသုတများတိုးပွားလာခဲ့သည်။ နောက်ဆုံးတွင် မြို့ပြရှိ ဆေးရုံဆေးခန်းသို့ သွားလာရန် လမ်းပန်းဆက်သွယ်ရေး လွယ်ကူလာသောကြောင့် (၃၁. ၁၂. ၂၀၁၈) ရက်နေ့တွင် ရွာရှိ ဆေးခန်း ကို ပိတ်လိုက်ပြီး အရေးပေါ် ဆေးရုံတင် ကုသရန်နှင့် ရောဂါရှာဖွေရန် လိုအပ်သောလူနာများကို ရန်ကုန်မြို့ရှိ ကောင်းသောသိုးထိန်းသီလရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုတမန်တော်လုပ်ငန်းနှင့် ချိတ် ဆက်ကာ ယခုထိတိုင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း

မကျီးကွင်းရွာသည် ရန်ကုန်-ပြည်လမ်းနှင့် (၇)ဖာလုံခန့်မျှသာ ကွာဝေးသော်လည်း လျှပ်စစ်မီး မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ ရေရှားပါးခြင်း စသည့်ပြဿနာများနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ထို့ကြောင့် (၁၉၈၆)ခုနှစ်၊ နိုဝင်ဘာလတွင် မီးရရှိရေးအတွက် ကောင်းသောသိုးထိန်းအသင်းမှ Far East Asia Province နယ်ပယ်တာဝန်ခံ Sr. Louis Horgan ၏ အလှူခံပေးမှုဖြင့် မီးစက်တစ်လုံး ဝယ်ယူခဲ့ပြီး (၁၉၈၈ ခုနှစ်)တွင် Sr. Joan Andrews ၏ အစ်ကိုဝမ်းကွဲဖြစ်သူ Mr. Robin Andrew ၏ အကူအညီဖြင့် တစ်ရွာလုံးကို မီးပေးနိုင်ရန် ကြိုးစားခဲ့သည်။ သို့သော် အခက်အခဲအမျိုးမျိုးကြောင့် မီးပေးခြင်းကို တစ်လခန့်အကြာတွင် ရပ်ဆိုင်းလိုက်ရသည်။ (၁၉၉၃)ခုနှစ်မှစ၍ စစ□တာရ်ကျောင်းနှင့် ကျောင်းသူ၊ ကျောင်းသားများ စာကျက်ရန်အတွက် မီးစက်အသစ်တစ်ခုဝယ်ယူ၍ ညအချိန်တွင် မီးထွန်းရန်နှင့် ကျောင်းသူ၊ ကျောင်းသားများ စာကျက်ရန် ပံ့ပိုးပေးခဲ့သည်။ ထို့နောက် အလှူရှင်များ၏ အကူအညီဖြင့် ညအချိန်ကျောင်းသူ၊ ကျောင်းသားများ စာကျက်ရန်အတွက် Solar မီးများ တပ်ဆင်ပေးခဲ့သည်။ (၂၀၁၉) ခုနှစ်နောက်ပိုင်း နိုင်ငံတော်အစိုးရ၏စီမံကိန်းကြောင့် ရန်ကုန်-ပြည်လမ်းမကြီးမှ မီး ကြိုးသွယ်တန်းခြင်းဖြင့် လျှပ်စစ်မီးရရှိခဲ့သည်။

ယခင်က မကျီးကွင်းရွာသည် သောက်ရေသုံးရေ အလွန်ရှားပါးသောကြောင့် ရွာနှင့်နီးစပ်သော ကျေးရွာများသို့သွားရောက်၍ ရေခပ်ယူကြရသည်။ သောက်ရေအတွက် ရွာရှိ လက်တူးကန်ကိုသာ အမှီပြုနေရသောကြောင့် နွေရာသီတွင် ရေခမ်းခြောက်သည့်အပြင် ရေမသန့်သောကြောင့် ကျန်းမာရေးထိခိုက်ကြရသည်။ ထိုနောက်

စစ□တာရ်တို့၏တိုက်တွန်းမှုကြောင့် ရွာရှိ စွန့်ပစ်ရေကန်(၄)ကန်အား ရွာသူ ရွာသားများမှ ပြန်လည်ပြုပြင်မွမ်းမံကြပြီး မိုးရေကို စနစ်တကျသိုလှောင်လာကြသည်။ ရွာ၏အရှေ့ဘက် စားကျက်မြေနှင့် ကပ်လျက်ရှိသော ရေကန်တစ်ကန်ကို ရွာသူရွာသားများ၏စုပေါင်းလုပ်အားဖြင့် ပြန်လည်တူးဖော်ကြပြီး ''မေတ္တာကန်''ဟု ခေါ်တွင်စေခဲ့ကြသည်။ ရေကန်(၅)ကန်ရှိသော်လည်း ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ရေခန်းခြောက်မှုကြောင့် ရေမလုံလောက် ကြုံရသောကြောင့် စစ□တာရ်များမှ (၁၉၇၈)ခုနှစ် မတ်လတွင် အဝီစိတွင်းတစ်တွင်း တူးပေးခဲ့သည်။ ထို့နောက် (၁၉၈၆) ခုနှစ်၊ ဧပြီလတွင် ရေကြောရှာဖွေရာ၌ ကျွမ်းကျင်သော ကချင်ပြည်နယ် မြစ်ကြီးနားသာသနာမှ ဘုန်းတော်ကြီး ဂရေဂေါ်ရီ လဇွန်နော်ဒင်းကို ဖိတ်ခေါ်ကာ ရေကြောရှာဖွေပြီး နောက်ထပ်အဝီစိတွင်း တစ်တွင်းတူးပေးခဲ့ပြန်သည်။ (၁၉၈၉) ခုနှစ်တွင် အလှူရှင်များအကူအညီဖြင့် ရေသိုလှောင်ရန် အုတ်ကန် တစ်ခုကိုဆောက်လုပ်ပြီး ရေပေးဝေခဲ့သည်။ တစ်ဖန် (၁၉၉၅)ခုနှစ်၊ ဧပြီလတွင် ရန်ကုန်မြို့ ဆူးလေ ဘုရားလမ်းတွင် နေထိုင်သော ဦးဇော်မိုးနိုင်နှင့် ဒေါ်မြတ်မြတ်ထွေးမိသားစုလှူဒါန်းမှုဖြင့် ရေကောင်း ရေသန့်ရရှိရန် အဝီစိတွင်းတစ်တွင်း ထပ်မံတူးခဲ့ကြပြန်သည်။ တစ်ဖန် သုံးရေလုံလောက်မှုရှိစေရန် ကောင်းသောသိုးထိန်း East Asia Province နယ်ပယ်အကြီးအကဲ Sr. Ramani Silva ၏ ပံ့ပိုးမှုဖြင့် ရေတုံကင် အဝီစီတွင်းတစ်တွင်း ထပ်မံတူးပေးခဲ့သည်။ စစ□တာရ်Amy Martina မှ (၂၀၀၇) ခုနှစ် အတွင်း ဘုန်းတော်ကြီး Noel စောနောအေးထံ (ယခုဆရာတော်) အကူအညီတောင်းခံပြီး ရွာသားများ သောက်သုံးရေအဆင်ပြေစေရန် (၁၀)အိမ်လျှင် ရေတုံကင်တစ်လုံးကျစီ ရေတုံကင်တွင်း (၁၁)တွင်း တူးရန် ကူညီပံ့ပိုးပေးခဲ့သည်။

ထို့အပြင် ၂၀၀၃ ခုနှစ်၊ မတ်လတွင် စစ□တာရ် Benedicta Philip သည် ရွာ၏အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး ရွာလူကြီးနှင့်အတူ ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ သက်ဆိုင်ရာအစိုးရ၊ မြို့နယ် စည်ပင်သာယာအဖွဲ့တို့နှင့် ပူးပေါင်းကာ ဖရိုဖရဲဖြစ်နေသော ရွာရှိအိမ်နှင့် လမ်းများကို အကွက်ချပြီး လူသွားလမ်း၊ နွားလမ်း၊ ရွာပတ်လမ်းစသည်ဖြင့် ရွာတန်းအဖြစ် စနစ်တကျပြုပြင်ပေးခဲ့သည်။ အိမ်ယာကွက်များကို လယ်သမားများအား ပေ(၆၀-၈၀)၊ ကူလီလက်လုပ်သမားများကို ပေ(၄၀-၆၀) အကွက်ချပေးပြီး အိမ်ဆောက်ရန်မတတ်နိုင်သူများကို ကူညီပံ့ပိုးပေးခဲ့သည်။ ထို့အပြင် ဂျာမနီသံရုံး၏ ထောက်ပံ့မှု ဖြင့် အိမ်မိုးသွပ်များကို ဝေငှပေးခြင်း၊ ယင်လုံအိမ်သာများရရှိရန် ဆောင်ရွက်ပေးခြင်းဖြင့် ရွာ၏လူနေမှု ဘဝပုံစံမြှင့်တင်ရန် ကြိုးစားလုပ်ဆောင်ပေးခဲ့ပါသည်။

ယခင်က မကျီးကွင်းကျေးရွာသည် ရန်ကုန်-ပြည်လမ်းမကြီးမှ ကန်သင်းရိုးအတိုင်း ခြေလျင်ဖြင့်သာမက လှေဖြင့်ချောင်းကိုဖြတ်ကာ ရွာသူ၊ရွာသားများ ခက်ခက်ခဲခဲ သွားလာ ခဲ့ကြရသည်။ ထို့နောက် တဖြည်းဖြည်းလမ်းချဲ့ကာ ချောင်းကိုဖြတ်ရန် ကိုယ်ထူကိုယ်ထ သစ်သားတံတားတစ်ခုကို ရွာသူရွာသားများက ဝိုင်းဝန်းဆောက်လုပ်ခဲ့ကြသည်။ နှစ်ကြာလာသည်နှင့်အမျှ ထိုသစ်သားတံတားမှာ ယိုယွင်းပျက်စီး၍ ပျက်ကျလုမတတ်ရှိနေခဲ့ရာ စစ□တာရ်များ၏ကြိုးပမ်းလုပ်ဆောင်ပေးမှုကြောင့် (၂၀၁၈)ခုနှစ်တွင် တူရကီနိုင်ငံသံရုံး(Tika) မှ ကွန်ကရစ်တံတားတစ်စင်းကို ဆောက်လုပ်လှူဒါန်းပေးခဲ့ပါသည်။

## အသက်မွေးဝမ်းကြောင်းပညာရေးနှင့် စီးပွားရေး

စစ□တာရ်များသည် မကျီးကွင်းကျေးရွာတွင် ကျောင်းဖွင့်လှစ်ပြီးနောက် စားဝတ်နေရေးအခက်အခဲရှိသော မိသားစုများကို ကူညီရန်အတွက် ရန်ကုန် စိန်ဗင်းဆင်းဒီပေါလ်အသင်း၏ အကူအညီဖြင့် မ,တည်ငွေများထုတ်ပေးကာ ဝက်မွေးမြူရေးနှင့် အိမ်ဆိုင်လုပ်ငန်းများ လုပ်ကိုင်စေခြင်းဖြင့် ပံ့ပိုးပေးခဲ့ သည်။

(၁၉၈၁) ခုနှစ်တွင် ရွာရှိအမျိုးသမီးများ ဘဝမြှင့်တင်ရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ အမျိုးသမီး(၄)ဦးကိုရွေးချယ်ကာ ရန်ကုန်မြို့ရှိ ကောင်းသောသိုးထိန်းသီလရှင်ကျောင်း၌ အခြေခံအိမ်တွင်းမှုပညာရပ်များကို စစ□တာရ်များမှ တစ်လတိတိ စနစ်တကျသင်ကြားပေးခဲ့သည်။ (၂၀၀၀) ခုနှစ်တွင် အလုပ်အကိုင်မရှိ၍ စားဝတ်နေရေး အဆင်မပြေသော မိသားစုများ ဝင်ငွေရရှိရန် ရည်ရွယ်ကာ အတန်းပညာ ဆက်လက်သင်ကြားနိုင်ခြင်း မရှိသော အမျိုးသမီးငယ်များအား ကြိုးကျစ်အိတ်လုပ်ငန်း၊ စိပ်ပုတီးလုပ်ခြင်းနှင့် အခြားလက်မှု ပညာများကို သင်ကြားပေးခဲ့သည်။ ထုတ်ကုန်များကို ပြည်တွင်း၊ပြည်ပ ဈေးကွက်တွင် ဝိုင်းဝန်းရောင်းချပေးခြင်းဖြင့် ဝင်ငွေရရှိစေခဲ့သည်။ (၂၀၀၁) ခုနှစ်တွင် အလှူရှင် Mary Mellican, Josephine Mellican, ဩစတေးလျနိုင်ငံမှ Philip Mellican နှင့် အမေရိကန်နိုင်ငံမှ Marie Chiong တို့၏ မတည်ပေးမှုဖြင့် ဖယောင်းတိုင်လုပ်ငန်းကို စိတ်ဝင်စားသောရွာသားများအား သင်ကြားပေးကာ ဝင်ငွေရရှိမည့်နည်းလမ်းများကိုပြသပေးခဲ့ပါသည်။

(၂၀၀၄)ခုနှစ်၊ မေလတွင် စစ□တာရ် Joan Andrews ဦးဆောင်၍ ဆင်းရဲချို့တဲ့သော ကလေးသူငယ်များနှင့် လူကြီးအချို့ကို အာဟာရဖြည့်ပေးရန်အတွက် Korean Catholic Community အဖွဲ့ဝင် Incheon Diocese မှ Fr. Peter Joe, Daniel Thomas နှင့် Mr. Roh တို့ထံမှ အကူအညီရယူကာ အာဟာရဖြည့်ပေးခြင်းအစီအစဉ်ကို စတင်ခဲ့ပါသည်။ ထိုနှစ် နိုဝင်ဘာလတွင် အလှူရှင်များအကူအညီဖြင့် မီးဖိုဆောင်၊ စက်ချုပ်သင်တန်းခန်းမနှင့် စာကြည့်တိုက်ခန်းမ ပါဝင်သော နှစ်ဆောင်ပြိုင် အဆောက်အဦးကို ဆောက်လုပ်ပေးနိုင်ခဲ့သည်။ လိုအပ်နေသော အပ်ချုပ်စက်များကို Korean Catholic Community မှပင် လှူဒါန်းခဲ့၍ နောက်ပိုင်းတွင် ရွာသားများအား သက်မွေးဝမ်းကြောင်း သင်တန်းဖြစ်သော အဝတ်အထည်များ ချုပ်လုပ်ခြင်း၊ စိပ်ပုတီးများ ပြုလုပ်ခြင်းနှင့် အခြားလက်မှုပညာများကို သင်ကြားပေးပြီး ထုတ်ကုန်များကို ရောင်းချပေးခြင်းဖြင့် စားဝတ်နေရေး ဖူလုံစေရန် ကူညီပေးခဲ့သည်။ ထို့အပြင် ကရုဏာရန်ကုန်နှင့် Singapore/Malaysia province မှ Good Shepherd Lay Partners တို့၏ ကူညီထောက်ပံ့မှုဖြင့် အလုပ်လက်မဲ့ ရွာသားများကို ဝက်မွေးမြူရန် မ,တည်ပေးပြီး အလုပ်အကိုင်ဖန်တီး ပေးခဲ့သည်။

၎င်းအပြင် လူအများကြပ်တည်းခက်ခဲသောကာလဖြစ်သဖြင့် စစ□တာရ် များမှ ဦးဆောင်ပြီး "ပိုသူလှူ-လိုသူယူ" စနစ်ဖြင့် လူတိုင်း ဝလင်စွာ စားသောက်နိုင်ရန်နှင့် အချင်းချင်း ဝေမျှတတ်စေရန်လည်း သင်ပေးပါသည်။ ထို့ပြင် The Czech Republic သံရုံး၏ အကူအညီဖြင့် မကျီးကွင်း၊ ငွေးတောက်ကုန်း၊ သူဌေးကုန်း၊ ဘန့်ဘွေးကုန်းရှိ အိမ်ခြေပေါင်း (၃၀၀)ခန့်အား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲ၊ ကြက်ဥတို့ကို ကူညီပေးနိုင်ခဲ့သည်။

ပြည်တွင်းပြည်ပမှ ကျေးဇူးရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ကောင်းသောသိုးထိန်းသီလရှင်များသည် မိမိတို့၏တမန်တော်လုပ်ငန်းများကို လုပ်ဆောင်ရာတွင် မကျီးကွင်း ရွာသူ၊ ရွာသားအချို့ကို သင့်တော်ရာနေရာများတွင် ဝန်ထမ်းအဖြစ် ခန့်အပ်သည့်အတွက် လူနေမှုဘဝ တိုးတက်လာသည် သာမက ဆင်းရဲသူများမှာလည်း အသိအမြင်ကြွယ်ဝလာပြီး ကြိုးစားလိုစိတ်ရှိလာစေသည်။ ကောင်းသောသိုးထိန်း ဝန်ထမ်းများ၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်ရေးဆွဲကာ ပုံမှန်တွေ့ဆုံဆွေးနွေးခြင်း၊ ကောင်းသောသိုးထိန်းဝန်ထမ်း စိတ်ဓါတ်ကို သွင်းပေးခြင်း၊ ပုံမှန်အတူတကွဆုတောင်း၍ အတွေ့အကြုံဝေမျှခြင်းများဖြင့် သူတို့၏စိတ်ဓာတ်နှင့် အတွေးအခေါ်ကို မြင့်မားစေပါသည်။ အကြွေးပိနေသောဝန်ထမ်းများအတွက် ငွေစုငွေချေးစနစ်ကို (၂၀၁၃) ခုနှစ်မှစ၍ နော်ဝေးနိုင်ငံမှ Mr.&Mrs. Grantham တို့၏လမ်းညွှန်မှုဖြင့် စနစ်တကျ

အကောင်အထည်ဖော် ကူညီ လုပ်ဆောင်ပေးခဲ့သည်။ ထို့အပြင် (၂၀၂၀) ခုနှစ်တွင် အမျိုးသမီးများအတွက် အိမ်သုံးစရိတ် ပိုမိုအဆင်ပြေလာစေရန် ရည်ရွယ်၍ အသိပညာပေးသင်တန်းများပေးကာ ငွေစုငွေချေး Self Help Group (SHG)အဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ပါသည်။ ထို့ပြင် လူငယ်များကိုလည်း ပုံမှန်တွေ့ဆုံပွဲများ ပြုလုပ်ပေးပြီး မှန်ကန်သောလမ်းကို ရွေးချယ်တတ်ရန် သင်ကြားပေးပါသည်။ တချို့သော အမျိုးသမီးငယ်များအား ရန်ကုန်နှင့် မန္တလေးမြို့ရှိ ကောင်းသောသိုးထိန်းသီလရှင်ကျောင်းမှ ဖွင့်လှစ်ထားသော အသက်မွေးဝမ်းကျောင်းသင်တန်းသို့ ပို့ပေးခဲ့ပြီး၊ အချို့ကို မူကြိုဆရာ အတတ်သင်တန်း၊ သူနာပြုအကူသင်တန်း၊ ပေါင်မုန့်ဖုတ် သင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဆံပင်အလှပြင်သင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ စက်ချုပ်သင်တန်း စသောသင်တန်းများကို တက်စေခဲ့သည်။

ကောင်းသောသိုးထိန်းသီလရှင်များ၏ နှစ်(၅၀)ခရီးစဉ်တွင် မကျီးကွင်း ရွာသူ၊ ရွာသားများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဝိညာဉ်ရေးသည် ယခင်ထက် အဘက်ဘက်မှ တိုးတက်လာသော်လည်း ဆက်လက်လုပ်ဆောင်ရန်များစွာရှိနေသေးသည့်အတွက် စိန်ခေါ်မှုများနှင့် အခက်အခဲ အမျိုးမျိုးများကြားမှ ကောင်းသောသိုးထိန်းသီလရှင်များသည် အသင်းတည်ထောင်သူ စိန်မေရီယူဖရေးဇီးယား၏ **"လူတစ်ဦးသည် ကမ္ဘာတစ်ခုလုံးထက် ပို၍တန်ဖိုးရှိသည်"** ဟူသော ဆောင်ပုဒ်နှင့် သိုးထိန်း စိတ်ဓါတ်ကို စွဲကိုင်ကာ မကျီးကွင်းကျေးရွာမှ ခန့်အပ်ထားသော ဝန်ထမ်း (၁၅)ဦးနှင့်အတူလက်တွဲ၍ တတ်စွမ်းသမျှ ကြိုးစားအားထုတ်နေကြပါသည်။

မကျီးကွင်းကျေးရွာ၏ သိုးထိန်းခရီး နှစ်(၅၀)ပြည့် အခါသမယ၌ အတိုင်းအဆမရှိသော ဘုရားသခင်၏ ကျေးဇူးတော်နှင့် မကျီးကွင်းကျေးရွာတွင် ခေတ်အဆက်ဆက်က တာဝန်ထမ်းဆောင်ခဲ့ကြသော စစ□တာရ်များ၏ ရဲရင့်သော နှလုံးသားများအတွက် ကျေးဇူးတင် အပ်ပါသည်။ နောင်နှစ်ပေါင်းများစွာတိုင် သိုးထိန်းရှင်ယေဇူး၏ အနှိုင်းမဲ့ ချစ်ခြင်းမေတ္တာကို ကောင်းသောသိုးထိန်းသီလရှင်များက ဆက်လက်သက်သေခံသွားနိုင်မည်ဟု ယုံကြည်ပါသည်။